# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 5, 2020 Volume 28, Number 3


| ၅.၂.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၆၁/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၄၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၅၂/- ကျပ် |
| CBM Rate | = ၁၄၄၉.၈ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၀၀.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၅၀.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၉၁.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၂၃.၅ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၉၇၉.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၇.၃၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၃၅၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၂.၄၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၅၁.၇၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၆.၇၉၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## လက်ရှိတွင် မြန်မာနိုင်ငံမှပြည်ပသို့ ပို့ကုန်တင်ပို့မှု ဆက်တိုက်တိုးတက်လျက်ရှိပြီး နှစ်စဉ် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းကြား တိုးတက်နေကြောင်း အမြဲတမ်းအတွင်းဝန်ပြောကြား



လက်ရှိတွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ပို့ကုန်တင်ပို့မှု ဆက်တိုက်တိုးတက်လျက်ရှိပြီး နှစ်စဉ် ၁၀ ရာခိုင်နှုန်းမှ ရာခိုင်နှုန်း ၂၀ ကြားအထိ တိုးတက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ “ပို့ကုန်ကတော့ တောက်လျှောက်တိုးတက်နေတယ်။ တိုးတက်မှုနှုန်းကလည်း အနည်းဆုံး နှစ်စဉ် ၁၀ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းကြားထဲမှာတက်နေတယ်” ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးကပြောကြားသည်။

၂၀၁၂ -၂၀၁၃ မတိုင်မီနှစ်များက မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ဒေါ်လာ ၁၅ ဘီလျံနှင့် ၁၆ ဘီလျံသာရှိခဲ့သော်လည်း လက်ရှိတွင် ဒေါ်လာ ၃၄ ဘီလျံကျော်အထိ တိုးတက်လာကြောင်း၊ ပို့ကုန်ကဏ္ဍတွင်လည်း ပုဂ္ဂလိကလုပ်ငန်းများမှ တိုးတက်လာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး က ပြောကြားထားသည်။ “ပြီးခဲ့တဲ့ ငါးနှစ်မှာတော့ ကျွန်တော်တို့ အစပျိုးတဲ့ အချိန်ပဲရှိပါသေးတယ်။ အခုလာမယ့် ငါးနှစ်ကတော့ ပိုပြီးတော့ ကျွန်တော်တို့ စနစ် တကျ ဆောင်ရွက်သွားနိုင်မယ်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ငါးနှစ်နဲ့ အခုငါးနှစ်နဲ့ နှိုင်းယှဉ်တဲ့ အခါမှာ တချို့ပို့ကုန်အမည်အသစ်တွေ ထည့်ထားပါတယ်။ အနာဂတ်မှာ ဒါတွေဟာ တိုးတက်မယ့် အလားအလာရှိတဲ့ဟာတွေ စက်မှုကုန်ချောပစ္စည်းတွေ၊ အထည်အလိပ် လို ဒီအပိုင်းတွေထည့်လာပါတယ်” ဟု ဒုတိယဝန်ကြီးဦးအောင်ထူးကပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ အဓိကတင်ပို့နေသည့် ပို့ကုန်များမှာ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊

သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော CMP တို့ဖြစ်ပြီး အခြားကုန်စည်များကို တင်ပို့ နေခြင်းဖြစ်သည်။ အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀ - ၂၀၂၅ တွင်လည်း အဓိက ဦးစားပေးကဏ္ဍများအဖြစ် လယ်ယာ ထွက်ကုန်ပစ္စည်း အခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့် လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှု ကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်း အချက်အလက် ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍစသည်တို့ပါဝင်သည်။ အမျိုးသားပို့ကုန် မဟာဗျူဟာ NES ၂၀၂၀ -၂၀၂၅ သည် မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်များနှင့်အခွင့်အလမ်းအသစ်များ ဖန်တီး ပေးနိုင်ရေးအတွက် အစိုးရဌာနဆိုင်ရာများနှင့်ပုဂ္ဂလိကကဏ္ဍတို့ပူးပေါင်းလုပ်ဆောင်နိုင်မည့် အခွင့်အရေးတစ်ခုဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးကပြောကြားသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ NES ၂၀၂၀-၂၀၂၅ ၏ အဓိကရည်ရွယ်ချက်မှာ တန်ဖိုးမြင့်ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချ ခြင်းများ၊ ဈေးကွက်တွင်ပိုမိုနေရာရစေမည့် လယ်ယာစိုက်ပျိုးရေးနှင့်ဝန်ဆောင်မှုများပါဝင်သည့် တင်ပို့ကုန်အမျိုးအစားများ အမျိုးမျိုးကိုဖြစ်ပေါ်စေရေးဖြစ်ကြောင်းသိရသည်။ ပို့ကုန်မြှင့်တင်ရေးအတွက် ဦးစားပေးတင်ပို့မည့်နိုင်ငံများ မကြာမီသတ်မှတ် နိုင်မည်ဖြစ်ပြီး ပြည်ပနိုင်ငံများနှင့် Bilateral Trade Agreement များ ချုပ်ဆိုသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၂၄ ရက်အထိ ပြည်ပသို့ ပို့ကုန်တင်ပို့မှုမှ ဒေါ်လာ ၅ ဒသမ ၇၁၇ ဘီလျံရရှိထားပြီး ယခင်နှစ်ကာလတူတွင် ဒေါ်လာ ၄ ဒသမ ၅၇၃ဘီလျံရရှိထားသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ်လေးလခွဲခန့်တွင် ပြည်ပသို့ပို့ကုန်တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁ ဒသမ ၁၄၄ ဘီလျံအထိ ပိုမိုတင်ပို့ထားနိုင်ခဲ့ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/157882

## သစ်သီးဝလံတင်ပို့မှု ထူးခြားဖြစ်စဉ်

တရုတ်နှစ်သစ်ကူးပိတ်ရက် ဇန်နဝါရီလ (၂၄.၁.၂၀၂၀) မှ (၈.၂.၂၀၂၀)ထိ ဆန်စပါးကုန်စည်ဒိုင်ပိတ်ပြီး (၂၇.၁.၂၀၂၀) ယနေ့တွင် သစ်သီးကွင်း၌ သစ်သီးများစတင်အရောင်းအဝယ်ပြုလုပ်နေပြီဖြစ်ပါကြောင်းနှင့် တရုတ်နိုင်ငံတွင်ဖြစ်ပေါ်နေသော ဝူဟန်ဗိုင်းရပ်(စ်)ရောဂါပိုးကြောင့် တရုတ်နိုင်ငံတွင် နယ်မြေဖြတ်သန်းသွားလာခြင်းများ ကန့်သတ်ထားခြင်းကြောင့် တရုတ် ဝယ်လက်အဝယ်နည်း၍ (၅.၂.၂၀၂၀) ရက်နေ့တွင် ဖရဲ (၂၃)စီး၊ သခွား (၁၀)စီးသာ ရောင်းချခဲ့သည်ဟုသိရပါသည်။

**Source: မောရွှေလီကုန်သွယ်မှုဇုံဌာန**

## ခရီးသွားလုပ်ငန်း ဒေသထွက်ကုန်ကို တန်ဖိုးမြှင့်ထုတ်ကုန် တီထွင်ဖန်တီးဖို့တိုက်တွန်း




တိုင်းရင်းသားတွေအနေနဲ့ ခရီးသွားလုပ်ငန်းကို ဝန်ဆောင်မှု လုပ်ငန်းများနဲ့ ဒေသထွက်ကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက် သာမက ပြည်ပဈေးကွက်ကိုပါ ထိုးဖောက်နိုင်အောင် ၊ တန်ဖိုးမြှင့် ထုတ်ကုန်များ တီထွင်ဖန်တီးမှုဆောင်ရွက်သွားကြဖို့ ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူက တိုက်တွန်းလိုက်ပါတယ်။

ရန်ကုန်မြို့မှာကျင်းပနေတဲ့ မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းနဲ့ ကယားတိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းတို့ပူးပေါင်းစီစဉ်ကျင်းပတဲ့ သွေးချင်းတို့ရဲ့ပွဲတော်ဆီဖွင့်ပွဲ အခမ်းအနားမှာ ပြောကြားခဲ့တာဖြစ်ပါတယ်။ သူက “ ဒီကနေ့ကျင်းပတဲ့ သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်ဟာ တိုင်းရင်းသား လူမျိုးများရဲ့ဒေသဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်း၊ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း၊ ဒေသထွက်ကုန်၊ တိုင်းရင်းသားအချင်းချင်း အသိအမြင်ဖလှယ်သုတနဲ့ ဒေသထွက်ကုန်များဖလှယ်နိုင်ဖို့စတဲ့ ရည်ရွယ်ချက်များ ကျင်းပတဲ့ပွဲတော်များဖြစ်တဲ့အတွက် အင်မတန်

မှအကျိုးများတဲ့ပွဲတော်ဖြစ်ပါတယ်။ တိုင်းရင်းသားများရဲ့ ချစ်ကြည်ရင်းနှီးမှု၊စည်းလုံးညီညွတ်မှုကိုဖော်ဆောင်တဲ့ ပွဲတော်လည်း ဖြစ်ပါတယ်လို့ပြောပါတယ်။ တိုင်းရင်းသားတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အခြေခံလိုအပ်ချက်တွေကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေတယ်လို့ဆိုပြီး ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေတာကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးမှာ ပုဂ္ဂလိက စီးပွားရေးက အရေးကြီးတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း MSDP ကလည်း အလုပ်အကိုင် ဖန်တီးရေးနဲ့ ပုဂ္ဂလိကကဏ္ဍ ဦးဆောင်တဲ့ဖွံ့ဖြိုးရေးအဖြစ် ချမှတ်ထားတယ်လို့သိရပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ စီးပွားရေးအကျိုးအမြတ်ရရှိနိုင်တဲ့အပြင် ဒေသမှာတိုးတက်ဖြစ်ထွန်းလာနိုင်တဲ့ အလားအလာရှိတဲ့ ဒေသတွင်း ကုန်ထုတ် လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှာရင်းနှီးမြှုပ်နှံကြဖို့ တိုက်တွန်းလိုတယ်လို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောပါတယ်။ "မြန်မာနိုင်ငံဟာ တိုင်းရင်းသားများစွာ စုပေါင်းနေထိုင်တဲ့ ပြည်ထောင်စုနိုင်ငံတော်ဖြစ်တဲ့အတွက် တိုင်းရင်းသား အားလုံး စည်းလုံးညီညွတ်မှုဟာ အင်မတန်မှအရေးကြီးပါတယ်၊ တိုင်းရင်းသားများရဲ့စည်းလုံးညီညွတ်မှုနဲ့သာ နိုင်ငံရဲ့ငြိမ်းချမ်း ရေးကို ဖော်ဆောင်နိုင်မှာဖြစ်သလို ငြိမ်းချမ်းမှသာ တစ်နိုင်ငံလုံးဘယ်ဒေသမှမကျန်ခဲ့စေဘဲ ဖွံ့ဖြိုးတိုးတက်ရေးကိုလဲ ဆောင်ရွက် နိုင်မှာဖြစ်ပါတယ်"လို့ ပြောပါတယ်။

**Source:** https://www.kumudranews.com/news-37017

## ကိုရိုနာဗိုင်းရပ်စ်ပြဿနာ နောက်ဆက်တွဲကြောင့် တစ်သျှူးငှက်ပျောစိုက်ပျိုးရေး ဈေးကွက်ပျက်လုနီးပါးဖြစ်နေ

ကချင်ပြည်နယ်တွင် တရုတ်နိုင်ငံနှင့်နယ်စပ်ဂိတ်များ တရားဝင်ပိတ်ထားခြင်းမရှိသေးသော်လည်း နှစ်နိုင်ငံကုန်သွယ်မှု မရှိတော့၍ တစ်သျှူးငှက်ပျော စိုက်ပျိုးရေးဈေးကွက်ပျက်လုနီးပါးဖြစ်နေကြောင်း ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည် မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်းကပြောသည်။ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေး မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်များမှ တစ်ဆင့် လူအဝင်အထွက်ကိုစိစစ်နေစဉ် တရုတ်သို့တစ်သျှူးငှက်ပျော အဓိကတင်ပို့သော ကန်ပိုက်တီးနယ်စပ်ဂိတ်အပြင် လွယ်ဂျယ်ဂိတ်တွင်ပါ လူအဝင်အထွက် မရှိသလောက်နည်းပါးနေသည်။ ထို့ကြောင့် ဒေသတွင်းအဓိကကုန်သွယ်နေသည့် တစ်သျှူးငှက်ပျောစိုက်ပျိုး ရေးဈေးကွက်သည် လတ်တလောပျက်စီးလုဖြစ်နေသည်ဟု ဦးကျော်ကျော်ဝင်းကပြောသည်။ "ငှက်ပျောရိတ်သိမ်းချိန်ဖြစ်နေတော့ ထိခိုက်မှုတွေရှိတယ်။ အလုပ်သမားတွေလည်း နေရပ်ပြန်နေကြတယ်။ ကုန်သွယ်ရေး မှာ ထိခိုက်မှုရှိနိုင်ပြီး ဈေးကွက်ကပျက်လုနီးပါးပဲ"ဟု ဦးကျော်ကျော်ဝင်းကပြောသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၌ တစ်သျှူးငှက်ပျော စိုက်ကေတစ်သိန်းကျော်ရှိပြီး ဒေသတွင်းထိစပ်နေသော ဒေါ့ဖုန်း ယန်၊ ဆဒုံးမြို့နယ်တို့တွင်လည်း အများအပြားရှိနေသည်။ ယင်းလုပ်ငန်းကိုမှီခိုနေသူလည်း အရေအတွက်သိန်းချီရှိနေပြီး လုပ်ငန်းရပ်ဆိုင်းခြင်းနှင့်အတူ လုပ်အားခမရ၍ ယခုရက်ပိုင်းနေရပ်သို့ပြန်နေကြသည်။ "နယ်ကလူတွေလည်း ပြန်နေကြတယ်။ အလုပ်ကလည်းရပ်၊ တရုတ်လုပ်ငန်းရှင်တွေကလည်းပြန်သွားတော့ လုပ်အားခတွေမရနဲ့ မစောင့်နိုင်လို့ပြန်နေကြတာ" ဟု တစ်သျှူးငှက်ပျောစိုက်ပျိုးရေးတွင် အလုပ်ရှင်နှင့်အလုပ်သမားကြား အငြင်းပွားမှုများကို ကူညီဆောင်ရွက်ပေးနေသည့် ဝိုင်းမော် မြို့ခံ ကိုဉာဏ်ထွန်းကပြောသည်။

ကိုရိုနာဗိုင်းရပ်စ် အန္တရာယ်မရှိမှသာ နယ်စပ်ဂိတ်များ ပုံမှန်လည်ပတ်နိုင်မည်ဖြစ်၍ ပြန်ဖွင့်မည့်အချိန်ကို မခန့်မှန်းနိုင် ကြောင်း ကချင်ပြည်နယ်အစိုးရကဆိုသည်။ "လောပန်း (တရုတ်လုပ်ငန်းရှင်) လည်းမရှိတော့ဘူး။ ငှက်ပျောတွေလည်းမခုတ် တော့ အလုပ်ကမဖြစ်ဘူး။ ဒါကြောင့် မနေနိုင်လို့ပြန်ခဲ့ပြီ။ ဘယ်တော့ပြန်လုပ်ရမှန်းလဲမှမသိတာ" ဟု ဦးကျော်ကျော်ဝင်းက ဆိုသည်။ ယခင်က ကန်ပိုက်တီးဂိတ်တစ်ခုတည်းမှ တစ်သျှူးငှက်ပျောတင် ၁၂ ဘီးကား အစီး ၂၀၀ကျော် နေ့စဉ်တင်ပို့ခဲ့ရာမှ ယခုတစ်စီးမျှ ဖြတ်သန်းခြင်းမရှိကြောင်းသိရသည်။

**Source:** https://7day.news/177797

## ပြင်သစ်-မြန်မာ နှစ်နိုင်ငံစီးပွားရေး ဆောင်ရွက်မှုမြှင့်တင်ရန် မြန်မာမှ စီးပွားရေးမိတ်ဖက်များ လာရောက်ရှာဖွေခြင်းဖြစ်ကြောင်းနှင့် စီးပွားရေးအခွင့်အလမ်းသစ်များနှင့် စိန်ခေါ်မှုအသစ်များအတွက် ပူးပေါင်းဆောင်ရွက်မည်ဟု ပြင်သစ်သံအမတ်ကြီးပြောကြား



ပြင်သစ်-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် မြန်မာနိုင်ငံမှ စီးပွားရေးမိတ်ဖက်များ လာရောက် ရှာဖွေခြင်းဖြစ်ကြောင်းနှင့် စီးပွားရေးအခွင့်ခြင်းဖြစ်ကြောင်းနှင့် စီးပွားရေး အခွင့်အလမ်းသစ်များနှင့် စိန်ခေါ်မှုအသစ်များအတွက် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး H.E Mr. Christian Lechevy က ပြောကြားခဲ့ကြောင်း ကုန်သည် စက်မှုအသင်းချုပ်မှသိရသည်။

ပြင်သစ်နိုင်ငံအခြေစိုက် French Myanmar Business Council နှင့် ASEAN Committee of MEDEF International ၏ ဥက္ကဋ္ဌ MR. Francois CORBIN နှင့်မြန် မာနိုင်ငံဆိုင်ရာပြင်သစ်သံအမတ်ကြီး H.E Mr. Christian Lechervy တို့ဦးဆောင်မှုဖြင့် ပြင်သစ်-မြန်မာလုပ်ငန်းရှင်အချင်းချင်း စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေး တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၃ ရက်ညနေပိုင်းက ကုန်သည်စက်မှုအသင်းချုပ် UMFCCI ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ် သံအမတ်ကြီး H.E Mr. Christian Lechevy က အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများကိုမြှင့်တင်နိုင်မည့် ကြီးမားသော အခွင့်အလမ်းသစ်များရှိသည့် အချိန်အခါဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းကပြောကြားသည်။ ထို့ပြင် ပြင်သစ်နိုင်ငံသည် စက်မှုကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍနှင့် စီးပွားရေးကဏ္ဍတို့တွင် အလွန်ဖွံ့ဖြိုးတိုးတက်လျက်ရှိသဖြင့် ပြင်သစ်လုပ်ငန်းရှင်များအား မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကြီးမားသော အခန်းကဏ္ဍမှပါဝင်၍ နှစ်နိုင်ငံအပြန်အလှန် အကျိုးစံစားခွင့်များဖြင့် ပူးပေါင်ဆောင်ရွက်စေလိုကြောင်း ဥက္ကဋ္ဌဦးဇော်မင်းဝင်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး H.E Mr. Christian Lechevy က ပြင်သစ်လုပ်ငန်းရှင်များသည် အနာဂတ်တွင် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် မြန်မာနိုင်ငံမှ စီးပွားရေးမိတ်ဖက်များလာရောက်ရှာဖွေခြင်း ဖြစ်ကြောင်းနှင့် စီးပွားရေးအခွင့်ခြင်းဖြစ်ကြောင်းနှင့်စီးပွားရေးအခွင့်အလမ်းသစ်များနှင့် စိန်ခေါ်မှုအသစ်များအတွက် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပြင်သစ်ကိုယ်စားလှယ်အဖွဲ့တွင် စွမ်းအင်လုပ်ငန်း၊ ရေနှင့် အမှိုက်သန့်စင်ခြင်း လုပ်ငန်း၊ ဓာတ်ငွေ့လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ရေကြောင်းနှင့်ကုန်းတွင်းပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်ရေး လုပ်ငန်း များမှ စီးပွားရေးလုပ်ငန်းရှင် ၂၀ ဦး ပါဝင်ခဲ့ကြောင်းသိရသည်။ အဆိုပါဆွေးနွေးပွဲတွင် အသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးမှ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအခြေအနေများနှင့် လက်ရှိစီးပွားရေးအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာ-ပြင်သစ်နှစ်နိုင်ငံလုပ်ငန်းရှင်အချင်းချင်း စီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင် ရန် အပြန်အလှန်ဆွေးနွေးခဲ့ကြောင်းသိရသည်။

ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက ကုန်သည်စက်မှုအသင်းချုပ်သို့ ထိုင်းနိုင်ငံဘန်ကောက်မြို့အခြေစိုက် ဘယ်လ်ဂျီယံသံရုံးမှ သံအမတ်ကြီးဦးဆောင်၍ ဘယ်လ်ဂျီယံစီးပွားရေးလုပ်ငန်း ၁၅ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံရှိ စီးပွားရေး အခွင့်အလမ်းများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် အပြန်အလှန်ဆွေးနွေးရန် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ကြောင်းသိရသည်။ မြန်မာ-ဘယ်လ်ဂျီယံ နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း မိတ်ဆက်ခြင်းများ ပြုလုပ်ကြပြီး ဘယ်လ်ဂျီယံဘက်မှ ဆောက်လုပ်ရေး၊ နည်းပညာ၊ ကလေးအာဟာရနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများ၊ ဓာတ်ငွေ့နှင့်စွမ်းအင်၊ လေထုညစ်ညမ်းမှုထိန်းချုပ်ခြင်းဆိုင်ရာပစ္စည်းကိရိယာများ၊ စိုက်ပျိုးရေး၊ တိရစ္ဆာန်မျိုးရိုးဗီဇအစရှိသည့် နယ်ပယ်များမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ကြကြောင်းသိရသည်။

**Source:** https://news-eleven.com/article/157880

## မြဝတီတွင် ထိုင်းသို့တင်ပို့မည့် ပြောင်းဆန်များ အဝင်များနေသဖြင့် ဈေးနှိမ်ခံရ

မြဝတီနယ်စပ်ဂိတ်ပေါက်မှ ထိုင်းနိုင်ငံသို့တင်ပို့မည့် မြန်မာ့ပြောင်းဆန်များမှာ များပြားလွန်းသည့်အတွက် ဈေးနှိမ်ဝယ်ယူနေသဖြင့် နစ်နာမှုများရှိနေကြောင်းသိရသည်။ မြန်မာ့ပြောင်းဆန်များကို ထိုင်းနိုင်ငံဘက်သို့တင်ပို့ရာတွင် နှစ်နိုင်ငံသဘောတူညီချက်အရ ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ အခွန် ကင်းလွတ်ခွင့်ဖြင့်တင်ပို့ခွင့်ရရှိခဲ့သဖြင့် ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ တင်သွင်းခဲ့ရာ အဆိုပါတစ်ရက်တည်း၌ပင် မြန်မာ့ပြောင်းဆန် တွဲကားစီးရေ ၆၀၀ ခန့် တန်ချိန်အားဖြင့် တန် ၁၈၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ "ကျွန်တော်တို့ဘက်က ပြောင်းဆန်တင်တဲ့ကားတွေ ရှမ်းပြည်နယ်ဘက် ကရောမန္တလေးတိုင်းဘက်ကပါ စုပြုံပြီး မြဝတီကိုရောက်လာကြတယ်။ ကားကြီးတွေများလွန်းလို့ ကုန်သွယ်ရေးဇုန်အနီးမှာ ယာဉ်ကြောပိတ်တာ



တောင် ဖြစ်ပေါ်နေတယ်။ နောက်ပြီး ပြောင်းဆန်တွေကို အနယ်နယ်အရပ်ရပ်ကနေ မြဝတီ တစ်မြို့တည်းကို ပို့ကြ တော့ ထိုင်းဘက်မှာ အဝင်များ လာတဲ့အတွက် ထိုင်းက ဈေးနှိမ်လိုက်တာကြောင့် မြန်မာ ပြောင်ဆန် ကုန်သည်တွေ အနေနဲ့ နစ်နာရပါတယ်"ဟု ထိုင်းသို့ ပြောင်းဆန်တင်ပို့ နေသော Suban ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မြင့်ဦးက ပြောသည်။ မြန်မာ့ပြောင်းဆန်များကို ယခင်နှစ်များက တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ရရှိခဲ့သော် လည်း ယခုအခါ တရုတ်နိုင်ငံမှ နိုင်ငံသားအကျိုးစီးပွား ကို ကာကွယ်သည့်အနေဖြင့် အခွန်များတိုးပြီး ကောက်ခံမှုကြောင့် အခွန်ကင်းလွတ်ခွင့်ရသည့် ထိုင်းနိုင်ငံသို့ တင်ပို့ခြင်းဖြစ်ကြောင်း သိရှိရပြီး ဩဂုတ် ၃၁ ရက်အထိသာ တင်သွင်းခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ထိုင်းနိုင်ငံသို့တင်ပို့မည့် ပြောင်းဆန်များကို မြဝတီသို့အလုံးအရင်းဖြင့် လာရောက်နေသည့်အတွက် ယခင်က ပြောင်းဆန် ၁၅ ကီလိုဂရမ်ကို ထိုင်းဘက်မှ ၁၀၅ ဘတ်ဈေးပေးခဲ့သော်လည်း ယခုအခါ ၁၀၁ ဘတ်သာ ဈေးနှိမ်ပေးခဲ့သဖြင့် မြန်မာပြောင်းကုန်သည်များ နစ်နာမှုရှိနေကြောင်းသိရသျည်။

**Source:** https://myanmar.mmtimes.com/news/134873.html

## မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး တစ်လကျော်ကျနေပါက ကုန်သွယ်မှု ဒေါ်လာသန်း ၄၀၀ ကျော် လျော့နည်းနိုင်



ကိုရိုနာဗိုင်းရပ်စ်ကြောင့် မူဆယ်နယ်စပ်အပါအဝင် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုကျဆင်းနေမှု အခြေအနေသည် တစ်လကျော်ကြာမြင့်ပါက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော် လျော့နည်းသွားနိုင်ပြီး နယ်စပ်ကုန်သွယ်ရေးကို မှီခိုနေသူများ ထိခိုက်နိုင်ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးသူကပြောသည်။

မြန်မာ-တရုတ် နယ်စပ်စခန်းလေးခုမှ ကုန်သွယ်မှုပမာဏသည် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု ပမာဏ စုစုပေါင်း၏ ၁၆ ရာနှုန်းရှိပြီး ပျမ်းမျှကုန်သွယ်မှုပမာဏမှာ ကန်ဒေါ်လာ ၄၉၁ ဒသမ ၇၄ သန်းရှိကြောင်းသိရသည်။ "နယ်စပ်ကုန်သွယ်ရေးမှာ မူဆယ်စခန်းတစ်ခုတည်းက ကုန်သွယ်မှုပမာဏအားလုံးရဲ့ ၁၄ ရာနှုန်းရှိတယ်။ တစ်လ၊ နှစ်လလောက် နယ်စပ်ကုန်သွယ်မှုလျော့နည်းသွားရင် နိုင်ငံရဲ့ကုန်သွယ်မှုပမာဏ ထိခိုက်လာမယ်။အထူးသဖြင့် နယ်စပ်ကုန်သွယ်ရေးကို မှီခိုနေတဲ့ ကုန်သည်လုပ်ငန်းရှင်တွေ၊ သစ်သီးဝလံ တင်ပို့သူတွေထိခိုက်လာမယ်။ ဒီအတွက် ပြင်ဆင်မှုနဲ့ စီမံခန့်ခွဲမှုတွေလိုပါတယ်"ဟု ၎င်းကပြောသည်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုသည် တရုတ်နိုင်ငံသာမက ကမ္ဘာနှင့်ဆိုင်သောရောဂါဖြစ်နေပြီး မြန်မာနှင့်အဓိက ကုန်သွယ်ဖက်ဖြစ်သည့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုအပေါ် ရပ်တန့်လုနီးပါးရှိနေခြင်းက ကုန်သွယ်မှုကျဆင်းနိုင်သည့်အခြေအနေကို ခန့်မှန်းရန်နှင့် ကာလရှည်ကြာလာပါက ကုန်သွယ်မှုပုံစံနှင့်ကုန်သွယ်မှုဆက်ဆံရေးများ ပြောင်းလဲရန် စီမံခန့်ခွဲမှုများ လိုအပ်မည်ဟုဆိုသည်။ "ရုတ်တရက်ဖြစ်ပေါ်လာတဲ့အခြေ အနေနဲ့ ဆုံးရှုံးမှုတွေကိုဖြေရှင်းဖို့က အကျပ်အတည်းလို့ခေါ်တယ်။ အကျပ်အတည်းဖြေရှင်းဖို့ နည်းလမ်းတွေ ရှိတယ်။ အဲဒါကို အကျပ်အတည်းစီမံခန့်ခွဲမှု နည်းလမ်း (Crisis Management) လို့ခေါ်တယ်။ ကုန်သွယ်မှုနဲ့ ဆက်နွယ်နေတဲ့ ကျန်းမာရေးဆိုင်ရာအကျပ်အတည်းကြောင့် နယ်စပ်ကုန်သွယ်ရေးမှာ ရပ်တန့်တဲ့အခြေအနေမျိုး ဖြစ်နေတယ်"ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

မြန်မာနိုင်ငံ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကုန်သွယ်မှုပမာဏ ကန် ဒေါ်လာ ၃၅ ဒသမ ၀၂၀ ဘီလီယံကျော် ရှိသည့်အနက် တရုတ်နယ်စပ်စခန်း လေးခုဖြစ်သော မူဆယ်တွင် ကန် ဒေါ်လာ ၄၉၁၇ ဒသမ ၉၇၆ သန်း၊ လွယ်ဂျယ်တွင် ကန်ဒေါ်လာ ၁၄၄ ဒသမ ၈၉၃ သန်း၊ ချင်းရွှေဟော်တွင် ၅၄၁ ဒသမ ၅၉၃ သန်းနှင့် ကန်ပိုက် တီးတွင် ကန်ဒေါ်လာ ၂၉၆ ဒသမ ၄၄၈ သန်း စုစုပေါင်းကန်ဒေါ်လာ ၅၉၀၀ ဒသမ ၉၁ သန်းဖြစ်သည့်အတွက် တရုတ်နယ်စပ်ကုန်သွယ်မှု ပမာဏမှာ တစ်နိုင်ငံလုံး၏ ၁၆ ရာခိုင် နှုန်းရှိကြောင်းသိရသည်။

မူဆယ်(၁၀၅)မိုင် ခွာညိုသစ်သီး ပွဲရုံမှ ကိုစိုင်းမင်းသူနိုင်က "ဖရဲသီးကို ယူနန်နယ်တစ်ဝိုက်ကဖြုန်းတော့ မူဆယ်နယ်စပ်မှာ အရောင်းအဝယ်နည်းနည်းရှိတယ်။ အဲဒီဘက်မှာ လမ်းတွေလည်းပိတ်မထားဘူး။ အပြင်ထွက်လည်းမစားကြဘူး။ သူတို့ဘက်က ကိုယ့်အိမ်ထဲမှာကိုယ်နေဖို့ပြောထားတယ်။ ဝမ်တိန်မှာ ဖရဲသီးတန်ချိန် ၃၀၀၀ လောက်ရှိတော့ ပျက်စီးမှုတွေရှိပြီး နယ်စပ်ကုန်သွယ်ရေးမှာထိခိုက်တယ်"ဟုပြောသည်။

**Source:** https://myanmar.mmtimes.com/news/134850.html

## တရုတ်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ကိုရိုနာဗိုင်းရပ်စ်ကြောင့် မန္တလေးမှတစ်ဆင့် တရုတ်ပြည်သို့ ပြည်တွင်းရော်ဘာများ တင်ပို့ရောင်းချခြင်းကို ရပ်နားထားပြီး ရော်ဘာဈေးကျဆင်းလျက်ရှိ



လတ်တလော တရုတ်ပြည်တွင်ဖြစ်ပွားလျက်ရှိသော ကိုရိုနာဗိုင်းရပ်စ်ကြောင့် မန္တလေးမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေရသော ပြည်တွင်းရော်ဘာများ တင်ပို့ရောင်းချရမှုကို ခေတ္တရပ်နားထားရပြီး ရော်ဘာဈေးမှာလည်း ကျဆင်းလျက်ရှိကြောင်းနှင့် ပြည်တွင်းရော်ဘာအရောင်းအဝယ် ဈေးကွက်တွင်လည်း ကြိုက်ရောင်း၊ ကြိုက်ဝယ်ဖြင့်သာ ရောင်းဝယ်နေရကြောင်း ရော်ဘာတင်ပို့ရောင်းချသူများထံမှသိရသည်။

ယင်းအခြေအနေနှင့်ပတ်သက်ပြီး ကရင်ပြည်နယ် သံတောင်ကြီးဒေသ ရော်ဘာအဝယ်ဒိုင်မှ ကိုသက်က “အခုလောလောဆယ်တော့ အရောင်းအဝယ်မရှိဘူးဗျ၊ ဒီတစ်ပတ်က တရုတ်ဘက်ကိုရောင်းလို့မရဘူးလေ။ ဝယ်မယ့်လူလည်းမရှိသေးတော့ အဲဒီတော့ ဈေးကအတိအကျမသိဘူးလေ ဟိုကပိတ်ထားတယ်၊ လောလောဆယ်ကတော့ ကျပ် ၆၀၀၊ ၆၅၀ လောက်တော့ ဝယ်ကြတာပေါ့၊ ဝူဟန်မဖြစ်ခင်က ကျပ် ၇၀၀ ကျော်ကျော်လေးပဲရှိမှာပေါ့။ အခုက တရုတ်နှစ်ကူးရယ်၊ ဝူဟန်ရယ် ဆက်ဖြစ်သွားတော့ ရော်ဘာသမားတွေ အဆင်မပြေဘူးလေ။ အရောင်းအဝယ်က ဈေးတွေကျနေတာ၊ ရောင်းလို့မရဘူး။ ရောင်းတော့လည်း မန္တလေးက တစ်ယောက်တစ်လေပဲ ဝယ်လိုက်၊ မဝယ်လိုက် အဲဒီလိုဖြစ်နေတယ်။ လောလောဆယ်ကတော့ အောက်ခြေမှာတော့ ခန့်မှန်းခြေလောက်နဲ့ပဲမှန်းပြီးတော့ ထိန်းဝယ်နေကြတဲ့သဘောပဲရှိတယ်” ဟုဆိုသည်။

ကိုရိုနာဗိုင်းရပ်စ်မဖြစ်ပွားမီကာလတွင် ပြည်တွင်း၌ရော်ဘာတစ်ပေါင် (အစေးခြစ် အခြောက်လှန်းပြီး) လျှင် ကျပ် ၇၀၀ နှင့် ကျပ် ၈၀၀ ကြားဖြင့်လည်းကောင်း၊ ဖိနပ်စက်ရုံများအတွက်ထုတ်လုပ်သော ဖိနပ်ရော်ဘာ တစ်ပေါင်လျှင် ကျပ် ၈၀၀ နှင့် ၉၀၀ ကြားဖြင့်လည်းကောင်း ရောင်းချနေကြရသော်လည်း တရုတ်ပြည်တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားပြီး နောက်ပြည်တွင်း ရော်ဘာ

များကို မန္တလေးမှတစ်ဆင့် တရုတ်ပြည်သို့တင်ပို့ရောင်းချမှုကို ရပ်နားထားခြင်းကြောင့် ရက်ပိုင်းအတွင်း ပြည်တွင်းရော်ဘာဈေး ကျဆင်းလာကာ လတ်တလောရော်ဘာတစ်ပေါင် (အခြောက် လှန်းပြီး) လျှင် ကျပ် ၆၀၀၊ ၆၅၀ ခန့်ဖြင့်သာ အရောင်းအဝယ်လုပ်နေကြောင်းသိရသည်။ ထိုသို့ ရော်ဘာဈေးနှုန်းများကျဆင်းနေချိန်တွင် သတ်မှတ်ထားသောဈေးနှုန်းအပေါ်၌ ပြည်တွင်းရော်ဘာကုန်သည်များနှင့် ရော်ဘာတောင်သူများအကြား နားလည်မှုသဘောမျိုးဖြင့် ကြိုက်မှရောင်း၊ ကြိုက်မှဝယ်မည့် စနစ်ဖြင့်သာ အရောင်းအဝယ်လုပ်နေကြခြင်းဖြစ်ကြောင်းသိရသည်။

တရုတ်ပြည်သို့ရော်ဘာများတင်ပို့ရောင်းချသော မန္တလေးမြို့ခံရော်ဘာအဝယ်ဒိုင်ပိုင်ရှင်တစ်ဦးက “လောလောဆယ် လက်ရှိ တော့ မဝယ်ဘူးလေ။ သွားလို့တော့ မရသေး ဘူး၊ ကျွန်မတို့က ကိုယ့်ဖောက်သည်ကိုကတော့ ပေါက်ဈေးလေးနဲ့တော့ ယူပေးလိုက် တာပေါ့၊ တချို့ကျတော့လည်း ကိုက်တဲ့လူကရောင်းတယ်။ မကိုက်တဲ့လူကမရောင်းဘူး ပေါ့။ ဈေးကောင်းမယ့် အချိန်ကိုစောင့်ပြီး ထားထားတာပေါ့နော်။ ဒီဟာတွေက ဒီအခြေအနေတွေကြောင့်မို့လို့ အပြောင်းအလဲ တွေဖြစ်နေတာပေါ့နော်။ သွားလို့မရသေး တာပေါ့နော်။ လမ်းကြောတွေကြောင့်ပေါ့နော်၊ အဲဒါတွေတင်မဟုတ်ဘူး။ ကျန်တဲ့ပစ္စည်းတွေလည်း ဘယ်သူမှမသွားကြဘူး။ အဲဒီအဆုတ်ရောဂါကြောင့်မို့လေ၊ ရော်ဘာဈေးက နည်းနည်းကျတယ်။ အရင်နောက်ဆုံးရောင်းခဲ့တာ ကတော့ ကျပ် ၇၀၀ ကျော်ပဲ၊ အခုကြားတာကတော့ ကျပ် ၇၀၀ အောက်လို့တော့ ခန့်မှန်းခြေကြားတာပဲ။ မဖွင့်သေးတော့ မသိသေးဘူးလေ” ဟု ပြောကြားသည်။

ပြည်တွင်းရော်ဘာဈေးမှာ ပြီးခဲ့သော ၂၀၁၇ ခုနှစ်ကတည်းကရော်ဘာတစ်ပေါင် လျှင် ကျပ် ၇၀၀ နှင့် ကျပ် ၈၀၀ ကြား၌သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခု၂၀၂၀ ပြည့် နှစ်အထိရော်ဘာတစ်ပေါင်ဈေးနှုန်းမှာ တိုးတက်ပြောင်းလဲလာခြင်းမရှိဘဲ လေးနှစ် ဆက်တိုက်အကျဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြရာမှ လက်ရှိတရုတ်နိုင်ငံတွင်ဖြစ်ပွားသော ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရော်ဘာတစ်ပေါင်လျှင် ကျပ် ၇၀၀ အောက်အထိ ဆက်လက်ကျဆင်းသွားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ထို့ပြင်တရုတ်ပြည် ရှန်ဟိုင်းရော်ဘာဈေးကွက်တွင်လည်း ရော်ဘာအရောင်းအဝယ်မဖြစ်ဘဲ အေးစက်နေလျက်ရှိပြီး ကိုရိုနာဗိုင်းရပ်စ်မဖြစ်ပွားမီ အစောပိုင်းက ရော်ဘာတစ်တန်ဈေး တရုတ်ယွမ် ၁၃၀၀၀ ခန့်အထိရှိခဲ့ရာမှ လက်ရှိ ဖေဖော်ဝါရီ ၄ ရက်၌ ရော်ဘာတစ်တန် လျှင် ယွမ် ၁၀၃၀၀ အထိ ကျဆင်းသွားခဲ့ကြောင်းရော်ဘာအဝယ်ဒိုင်များထံမှသိရသည်။

ပြည်တွင်းရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများတွင် ရော်ဘာအစေးခြစ် လုပ်သားငွေးရမ်းခနှင့် အထွေအထွေစရိတ် ဈေးနှုန်း ကြီးမြင့်လာသော်လည်း ရော်ဘာစိုက်ပျိုးတောင်သူများမှာ ရော်ဘာများကိုအကျဈေးဖြင့်သာ ရောင်းချ ရပ်တည်နေကြရသဖြင့် တွက်ခြေကိုက်မှုနည်းပါးလျက်ရှိကြောင်း၊ ပြီးခဲ့သော ၂၀၁၂ ခုနှစ် ဝန်းကျင်ခန့်က ရော်ဘာတစ်ပေါင်လျှင် ကျပ် ၁၇၀၀ ဝန်းကျင်ခန့်ဖြင့် အမြင့်ဆုံးဈေးနှုန်းအထိ မြင့်တက်ခဲ့ပြီးနောက် ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅ ခုနှစ်များတွင် ပြန် လည်ကျဆင်းကာ ရော်ဘာတစ်ပေါင်လျှင် ကျပ် ၅၀၀ အထိ ဆိုးရွားစွာကျဆင်းခဲ့ပြီး ရော်ဘာလုပ်ငန်း ပျက်စီးလုနီးအခြေအနေ အထိ ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ၌စိုက်ပျိုးထားသော ရော်ဘာစိုက်ဧရိယာ ဧက ၁၆ သိန်း ကျော်ရှိရာ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးထားကြောင်းနှင့် ပြည်တွင်းမှထွက်ရှိသော ရော်ဘာများအား မန္တလေး–မူဆယ်မှ တစ်ဆင့် တရုတ်ပြည်သို့ အများဆုံးတင်ပို့ရောင်းချရပြီး အခြားထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံများသို့လည်း တင်ပို့ရောင်းချကြကြောင်း သိရသည်။

**Source:** https://news-eleven.com/article/157915

## ခေတ်ငွေ့နှင့်စွမ်းအင်တို့၌ ရင်းနှီးမြှုပ်နှံရန် ဘယ်လ်ဂျီယံလုပ်ငန်းရှင်များ လာရောက်ဆွေးနွေး

ခေတ်ငွေ့နှင့်စွမ်းအင်အပါအဝင် စီးပွားရေးလုပ်ငန်း ၁၅ ခုကို မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရန် ဘယ်လ်ဂျီယံ နိုင်ငံ သံအမတ်ကြီးဦးဆောင်သည့် စီးပွားရေးလုပ်ငန်းရှင်အဖွဲ့မှ ဖေဖော်ဝါရီ ၃ ရက်က ကုန်သည်စက်မှုအသင်းချုပ် တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် လာရောက်ဆွေးနွေးခဲ့ကြောင်းသိရသည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့အခြေစိုက် ဘယ်လ်ဂျီယံသံရုံးမှ သံအမတ်ကြီးဦးဆောင်၍ ဘယ်လ်ဂျီယံစီးပွားရေးလုပ်ငန်းရှင် ၁၅ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံရှိ စီးပွားရေးအခွင့်အလမ်းများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် အပြန်အလှန်ဆွေးနွေးရန် မြန်မာစီးပွားရေးလုပ်ငန်းရှင် များနှင့် ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ "အခု

ကျွန်တော်တို့ ဒီက စီးပွားရေးလုပ်ငန်း ၁၅ ခု ဆိုရင် မြန်မာပြည်က လုပ်ငန်းရှင်တွေရဲ့ စီးပွားရေး အစီအစဉ်တွေ လေ့လာဖို့အတွက် လာရောက်တွေ့ဆုံကြတာဖြစ်ပြီးတော့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်စေဖို့ရည်ရွယ်ပါတယ်"ဟု ဘယ်လ်ဂျီယံသံရုံးမှ သံအမတ်ကြီး H.E. Mr. Philippe KRIDELKA (AMBABEL BANGKOK) က ပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်းမိတ်ဆက်ခြင်းများပြုလုပ်ကြပြီး ဘယ်လ်ဂျီယံဘက်မှ ဆောက်လုပ်ရေး၊ နည်းပညာ၊ ကလေးအာဟာရနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများ၊ ဓာတ်ငွေ့နှင့်စွမ်းအင်၊ လေထုညစ်ညမ်းမှုထိန်းချုပ်ခြင်းဆိုင်ရာပစ္စည်းကိရိယာများ၊ စိုက်ပျိုးရေး၊ တိရစ္ဆာန်မျိုးရိုးဗီဇအစရှိသည့်နယ်ပယ်များမှ စီးပွားရေး လုပ်ငန်းရှင်များ ပါဝင်သည်။ "ကျွန်တော်တို့ Wallonia ဒေသရဲ့ စီးပွားရေး ုပ်ငန်း ၁၅ ခုက မြန်မာနိုင်ငံမှာ ဈေးကွက်တစ်ခု ချဲ့ထွင်နိုင်ဖို့အတွက် မျှော်လင့်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်တွင်မှာသာမက မန္တလေးလိုမျိုး တခြားနေရာတွေကိုလည်း လေ့လာသွားမှာဖြစ်ပါတယ်"ဟု Mr. Eric DE CLERCQ, Director Asia-Pacific (AWEX BRUXELLES) က ပြောကြားခဲ့သည်။

ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက မြန်မာနိုင်ငံ၏ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ လက်ရှိစီးပွားရေးအခြေအနေများကို မိတ်ဆက်ရှင်းလင်းပြောကြားခဲ့ပြီး နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့အသင်းချုပ်မှ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အမှုဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များတက်ရောက်ခဲ့ကြသည်။

**Source:** https://myanmar.mmtimes.com/news/134853.html

## မြန်မာနိုင်ငံမှ ရေထွက်ကုန်များဝယ်ယူရန် ဂျပန်ကမ်းလှမ်း

ဂျပန်နိုင်ငံမှ Dolphin Co.,Ltd. က မြန်မာနိုင်ငံမှရေထွက်ကုန်ပစ္စည်းများ ဝယ်ယူတင်သွင်းရန် ကမ်းလှမ်းလာကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှသိရသည်။ အေးခဲရေထွက်ကုန်ပစ္စည်းမျိုးစုံတင်သွင်းနေသည့် ဂျပန်နိုင်ငံမှ Dolphin Co.,Ltd. သည် မြန်မာနိုင်ငံမှ အေးခဲရေထွက်ကုန်များဖြစ်ကြသည့် ပေါင်းထားသော ကမာ၊ ခုံးအသား၊ Boiled Clam Meat (Hamaguri Meat) နှင့် ကဏန်းပျော့ (Soft Shell Crab) တို့ကို ဝယ်ယူတင်သွင်းလိုသည့်အတွက် လိုအပ်သည်များကူညီပံ့ပိုးပေးရန် တိုကျိုမြို့ရှိ မြန်မာသံအမတ်ထံသို့တင်ပြလာကြောင်း ယင်းအသင်းချုပ်ထံမှသိရသည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်များ ဝယ်ယူတင်သွင်းလိုသည့်ကိစ္စနှင့်ပတ်သက်၍ Dolphin Co.,Ltd. က ၎င်းတို့၏ကုမ္ပဏီဆိုင်ရာအကြောင်းအရာများ၊ ဝယ်ယူလိုသည့်ရေထွက်ကုန်များ၏ အရွယ်အစား၊ ထုပ်ပိုးပုံအနေအထား၊ ဝယ်ယူလိုသည့်ပမာဏ စသည့်အချက်အလက်များကို ပေးပို့အဆိုပြုလာကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှသိရသည်။ သို့ဖြစ်၍ သက်ဆိုင်သည့်သတင်းအချက်အလက်များ၊ သင့်လျော်သည့် မိတ်ဖက်ရေထွက်ပစ္စည်း၊ ထုတ်လုပ်သည့် လုပ်ငန်းရှင်များစာရင်းကို ပံ့ပိုးပြန်ကြားပေးရန် တိုကျိုမြို့ရှိ၊ မြန်မာသံရုံးက စာဖြင့်အသိပေးအကြောင်းကြားလာကြောင်း ယင်းအသင်းချုပ်ထံမှသိရသည်။

**Source: The Voice**

https://news.ydnp.net/328558

## ဖရဲ၊ သခွားမွှေးရောင်းချနိုင်မည့်နေရာများ တိုင်းအစိုးရအခမဲ့စီစဉ်ပေး

တရုတ်နိုင်ငံအလယ်ပိုင်း၊ ဝူဟန်ဒေသမှအစပြုကာ စတင်ကူးစက်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် ပိုးသစ်ရောဂါကြောင့် ဖရဲ၊ သခွားမွှေးရောင်းချရာတွင် တွေ့ကြုံနေရသည့်အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ရန်ကုန်တိုင်းအစိုးရက အခမဲ့ရောင်းချနိုင်မည့်နေရာများစီစဉ်ပေးထားကြောင်း မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးနိုင်ဝင်းကပြောကြားသည်။

ဖရဲ၊ သခွားမွှေးများ ရောင်းချရန်အတွက် အင်းစိန်မြို့နယ်ရှိ တညင်းကုန်းလက်ကားဈေး၊ တာမွေမြို့နယ်ရှိ ကြက်၊

ဘဲဈေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စက်ဆန်းဂိုဒေါင်၊ ဗဟန်းမြို့နယ်ရှိ မြေပဒေသာကျွန်း၊ တိုင်းရင်းသားပွဲတော်၊ လှိုင်မြို့နယ်ရှိ ရွှေပြည်တောက်ငါးဈေး၊ ရတနာသီရိ ကုန်စိမ်းဈေးအပေါ်ထပ်တို့တွင် နေရာများစီစဉ်ပေးထားကြောင်း ယင်းအသင်းထံမှသိရသည်။ "ရန်ကုန်တိုင်းဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူတွေတွေ့ပြီး အစည်းအဝေးလုပ်တော့ အဲဒီနေရာတွေမှာ ရောင်းလို့ရအောင် တိုင်းအစိုးရက ဆောင်ရွက်ပေးတာပါ။ကျန်တဲ့ရောင်းချင်တဲ့သူတွေ အကူအညီတောင်းရင်လည်း ကူညီပေး ပါတယ်။ ကြက်၊ ဘဲဈေးမှာရောင်းမလား၊ မြေပဒေသာကျွန်းမှာ ရောင်းမလား။ အခုချိတ်ဆက်ပြီးရောင်းနေတာ တစ်ယောက်ပဲ ရှိသေးတယ်" ဟု ဦးနိုင်ဝင်းကပြောဆိုသည်။

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တွင် ယခင်က ဖရဲ၊ သခွားမွှေးကားအစီးရေ ၆၀၀ ခန့် ရောင်းချနိုင်ခဲ့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖရဲ၊ သခွားမွှေး ကားအစီးရေ ၃၀ ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း ဖရဲ၊ သခွားမွှေးကုန်သည်များ ထံမှ သိရသည်။ အချို့ကုန်သည်များသည် မူဆယ်တွင် အရောင်းအဝယ်ပြန်ကောင်းမည့်အချိန်ကို စောင့်ဆိုင်းနေကြခြင်း ဖြစ်ပြီး ပြည်တွင်းဈေးကွက်သည် စားသုံးမှုနည်းသည့်အတွက် စိုးရိမ်စိတ်ကြောင့် ဆက်သွယ်ရောင်းချမှု နည်းပါးခြင်း ဖြစ် ကြောင်း မြန်မာနိုင်ငံဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းထံမှသိရသည်။

ရန်ကုန်တိုင်းအတွင်း ဖရဲ၊ သခွားမွှေးရောင်းချလိုသူများအနေနှင့် မြန်မာနိုင်ငံ ဖရဲသခွားမွှေးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးနိုင်ဝင်း ဖုန်း ၀၉၂၆၄၄၄၁၇၁၇ နှင့် စစ်ကိုင်းတိုင်းဖရဲသခွားမွှေး စိုက်ပျိုးထုတ်လုပ်သူများ အသင်း ဥက္ကဋ္ဌ ဦးစိုးလွင် ဖုန်း ၀၉၉၇၃၆၁၈၄၂၅ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ယင်းအသင်း ထံမှသိရသည်။

**Source: The Voice**

https://news.ydnp.net/328290

## အိန္ဒိယနိုင်ငံ၌ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု အထွက်နှုန်းများကောင်းမွန်မည်ဟု ကနဦးခန့်မှန်းလျက်ရှိခြင်း

အိန္ဒိယနိုင်ငံ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုသည် အထွက်နှုန်းများ တိုးတက်ကောင်းမွန် ဖွယ်ရှိကြောင်း လယ်ယာထွက်ကုန်များ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှုဆိုင်ရာ ဦးဆောင်ကုမ္ပဏီကြီး တစ်ခုဖြစ်သည့် National Collateral Management Services Ltd (NCML) က ကနဦးခန့်မှန်းချက်ထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် မုတ်သုံရာသီ ကာလတွင် နိုင်ငံတစ်ဝန်း၌ မိုးရွာသွန်းမှုကောင်းမွန်ခဲ့ရာ ပုံမှန်မိုးရေချိန် ၈၈၀.၆ မီလီမီတာထက်ကျော်လွန်၍ ၉၆၈ မီလီမီတာ အထိရရှိခဲ့ပြီး မိုးရာသီကာလအလွန် အောက်တိုဘာလအတွင်း၌လည်း ပုံမှန်ထက် ၄၂% ပိုမိုလျက် မိုးရေချိန် ၁၀၆.၅ မီလီမီတာ ရရှိခဲ့ရာ ဆောင်းသီးနှံများအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိစေခဲ့သည်။ အိန္ဒိယ၏ ဆောင်း သီးနှံစိုက်ပျိုးမှုတွင် ဂျုံသည် အဓိကသီးနှံဖြစ်ပြီး ယခုနှစ်ဆောင်းရာသီ၌ တန်ချိန် ၁၀၉၀ သိန်းခန့် ရိတ်သိမ်း ရရှိနိုင်ကြောင်း NCML က ခန့်မှန်းထားသည်။ ယခင်နှစ် ဆောင်းရာသီဂျုံစိုက်ပျိုးထွက်ရှိမှုမှာ တန်ချိန် ၁၀၂၁ သိန်းဖြစ်ရာ ယခုခန့်မှန်းချက်အရ ၆.၂၇% ပိုမိုတိုးတက် ထွက်ရှိမည်ဖြစ်သည်။ အလားတူ ဆောင်းရာသီ၌စိုက်ပျိုးသည့် စပါးသည်လည်း ယခင်နှစ်ကထက် ၅% ပိုမို၍ ထွက်ရှိမည်ဟု ခန့်မှန်းရသည်။

NCML ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Mr. Siraj Chaudhry က ၂၀၁၉ ခုနှစ် မုတ်သုံ ရာသီကာလ၌ မိုးရွာသွန်းမှု ကောင်းမွန်ခဲ့ခြင်းကြောင့် ယခုနှစ် အဓိကဆောင်းသီးနှံများဖြစ်သည့် ဂျုံ ပြောင်းနှင့်နံစားပြောင်းတို့သည် စံချိန်တင်အထွက် တိုး ဖွယ်ရာရှိကြောင်း၊ သို့ရာတွင် ဆီထွက်သီးနှံနှင့်ပဲအချို့မှာ ယခင်နှစ်စိုက်ပျိုးထွက်ရှိမှုအောက်သို့လျော့ကျနိုင်ကြောင်းပြော ကြား ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဆောင်းရာသီကာလ အစေ့ထုတ်ပြောင်းစိုက်ပျိုးထုတ်လုပ်မှုမှာ ယခင်နှစ်ထက် ၈.၂၅ % ပိုမို တိုးတက်ပြီး တန်ချိန် ၈၉.၂ သိန်းထွက်ရှိရန်နှင့် နံစားပြောင်းထွက်ရှိနိုင်မှုကို ယခင်နှစ်စိုက်ပျိုးထုတ်လုပ်မှုတန်ချိန် ၂၀.၂ သိန်း ထက် ၃၅.၂% ပိုမိုတိုးတက်၍ တန်ချိန် ၃၁.၂ သိန်းအထိ ထွက်ရှိရန် NCML က ခန့်မှန်းလျက်ရှိသည်။ သို့ရာတွင် ဆောင်းရာသီ ကာလ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု၌ စိုက်ဧကအများဆုံးဖြစ်သော ကုလားပဲအား ယခင်နှစ်ထွက်ရှိမှုအောက် ၅% လျော့ချလျက် တန်ချိန် ၉၅.၈၂ သိန်းနှင့် ယခင်နှစ် စိုက်ဧကအောက် လျော့နည်းစိုက်ပျိုးခဲ့သည့် ပဲတီစိမ်းအား ၁၀% လျော့ချ၍ တန်ချိန် ၄.၆၂

သိန်းခန့်ထွက်ရှိနိုင်မည်ဟုခန့်မှန်းထားသည်။ ထို့အပြင် ဆီကြိတ်မုံညင်းစေ့စိုက်ပျိုးထုတ်လုပ်မှုမှာ ယခင်နှစ်က အထွက်တန် ချိန်ပေါင်း ၉၃.၄ သိန်းရှိရာမှ ယခုနှစ်တွင် ၈.၈% လျော့နည်းလျက် တန်ချိန် ၈၅.၇၉ သိန်းသာ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းရသည်။

NCML ကုမ္ပဏီ၏ လေ့လာခန့်မှန်းချက်များအရ အိန္ဒိယနိုင်ငံ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဆောင်းသီးနှံများ စိုက်ပျိုးထွက်ရှိနိုင်မှုမှာ စုစုပေါင်းတန်ချိန် ၁၅၂၇ သိန်းဖြစ်ပြီး ယခင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ထုတ်လုပ်မှုပမာဏ တန်ချိန် ၁၄၃၂ သိန်းအား ကျော်လွန်၍ ၆% ခန့် တိုးတက်ထွက်ရှိဖွယ်ရာရှိသည်။ ဤသို့တွက်ဆချက်အရ ဆောင်းသီးနှံအထွက် ကောင်းမွန်ခြင်းက လက်ရှိဈေးကွက်၌ပိုလျှံမှုဖြစ်ပေါ်နေသည့် ဂျုံနှင့်ဆန်စပါးတို့အပေါ် ထပ်ဆောင်းပိုလျှံမှုဖြစ်ပေါ်စေပြီး ဈေးကွက်ပုံစံ ပျက်ယွင်းမှုကို လှုံ့ဆော်တွန်းအားပေးမည့် အနေအထားရှိကြောင်း၊ သို့ရာတွင် ဆောင်းရာသီ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးမှုမှာ အထွက်ပမာဏ ၂.၆% နှင့် ၂% အသီးသီးလျော့နည်းနိုင်ချေရှိခြင်းက လက်ရှိဈေးကွက်၌ လိုအပ်ချက်ကို ပိုမိုမြင့်တက် စေဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့

Source: NCML releases first estimate of rabi crop, indicates record food grain production, 27 Jan 2020, Economic Times

## STOCK EXCHANGE (5.2.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 5th Feb. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | -500 | -4.35% | 11,500 | 11,500 | 11,000 | 1,236 | 13,971,500 | 27,112,747 | 298,240 |
| MTSH | 00002 | 4,000 | -100 | -2.44% | 4,100 | 4,100 | 4,000 | 4,294 | 17,217,100 | 38,929,150 | 155,717 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 0 | 0 | 10,400,986 | 87,368 |
| FPB | 00004 | 23,500 | +0 | +0.00% | 23,500 | 23,500 | 23,500 | 200 | 4,700,000 | 2,472,053 | 58,093 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,800 | 2,850 | 2,800 | 5,570 | 15,855,750 | 12,823,224 | 36,546 |

### Market summary

As of 5th Feb. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 464.44 | -12.74 | -2.67% | 476.71 | 477.18 | 464.44 | 11,300 | 51,744,350 | 5 | 635,964 |

**Index chart**



# Market Overview

As of 1:00 pm, 5th Feb. 2020

| MYANPIX | 464.44 ▼ 12.74 |
|---|---|
| Total Volume (shares) | 11,300 |
| Total Value (MMK) | 52 mil |
| Listed Company | 5 |
| Market Cap. (MMK) | 635,964 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▼ 500 |
| MTSH | 00002 | 4,000 | ▼ 100 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 23,500 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |

TIR